**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

**www.knuhq.org**

## သတင်းထုတ်ပြန်ချက် ၅/၂၀၂၃

**၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ (၆)ရက်နေ့**

၁။ ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ၏ (၁၇) ကြိမ်မြောက် ကွန်ကရက်အပြီး ဗဟိုအလုပ်အမှုဆောင် ကော်မတီ တတိယအစည်းအဝေး ကို ၂၀၂၃ ခုနှစ်၊ နိုင်ဝင်ဘာလ (၃-၅)ရက် နေ့များတွင် အောင်မြင်စွာ ကျင်းပ ပြီးစီးခဲ့ပါသည်။

၂။ ၂၀၂၃ ခုနှစ် ဩဂုတ်လ (၁၀) ရက်နေ့တွင်ကျင်းပပြုလုပ်ခဲ့သည့် First 100 Days: KNU IN NEW ERA သတင်းစာ ရှင်းလင်းပွဲတွင် ထုတ်ဖော်ပြောကြားခဲ့သည့် ကော်သူးလေဖက်ဒရယ်ယူနစ် ရည်မှန်းချက်များအား အကောင် အထည်ဖော်ဆောင်ရေးနှင့်ပတ်သက်သည့် နိုင်ငံရေး၊ အုပ်ချုပ်ရေး၊ လုံခြုံရေး နှင့်အဖွဲ့အစည်းတွင်း ပြုပြင်ပြောင်းလဲမှု လုပ်ငန်းများ၊ မူဝါဒများအား သက်ဆိုင်ရာကော်မတီနှင့် ဌာနအသီးသီးက စတင်အကောင် အထည် ဖော်နိုင်ရေး အတွက် အတည်ပြု ဆုံးဖြတ်ခဲ့ပါသည်။

၃။ (၁၉/၇/၂၀၂၂) ရက်တွင် စောနယ်ဒါးမြ မှ လက်မှတ်ရေးထိုးထုတ်ပြန်ဖွဲ့စည်းသည့် KAWTHOOLEI ARMY (ကီၢ်သူလ့ၤ သုးမုၢ်ဒိၣ်) သည် ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး၊ ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မ တော်(KNLA)တို့နှင့် လုံးဝ မပတ်သက်ကြောင်းကို ၂၀၂၂ ခုနှစ် ဇူလိုင်လ (၂၀)ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် KNU ၏ ရပ်တည်ချက်ကို ပါဝင်သူများ အားလုံးသိရှိရေးနှင့် ပါဝင် ပတ်သက်မှု မရှိစေရေးအတွက် သက်ဆိုင်ရာ အဖွဲ့အစည်းများအား ဆက်သွယ် အသိပေးသွားရန်ကိုလည်း ဆုံးဖြတ်ခဲ့ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မတီ**

**ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး**

**ဗဟို**

ဆက်သွယ်ရန်-

- +66 98 687 9384
- +66 80 228 0996